ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကုန်သွယ်ရေးဦးစီးဌာန

ပို့ကုန်၊သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ
သတင်းလွှာ(၅ /၂၀၂၁)

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်

အကြောင်းအရာ။ **ပို့ကုန်/သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုသည့် ကုန်စည်စာရင်းများအနက်မှ ကုန်စည်အချို့အား လိုင်စင်လျှောက်ထားရန်မလိုဘဲ ယာယီဖြေလျှော့ခွင့်ပြုခြင်းကို သက်တမ်းတိုးခြင်း**

၁။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များမှ လုပ်ငန်းပိုမိုအဆင်ပြေချောမွေ့စေရန်နှင့် သွင်းကုန်လိုင်စင်ကြေးပေးသွင်းရမှု သက်သာစေရန်ရည်ရွယ်၍ လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများအနက် နိုင်ငံ၏ဖွံ့ဖြိုးမှုအတွက် အဓိကတင်သွင်းနေရသည့် ကုန်စည်များ၊ ကျန်းမာရေးကဏ္ဍကို အထောက်အကူပြုစေမည့်ပစ္စည်းများ၊ အခြေခံစားကုန်များကိုလည်းကောင်း၊ ပြည်ပတင်ပို့မှုကဏ္ဍကို အထောက်အပံ့ပြုစေရန်အတွက် အဓိကတင်ပို့နေသည့် စိုက်ပျိုးရေးထုတ်ကုန်များကိုလည်းကောင်း လိုင်စင်လျှောက်ထားခြင်းမှ ၈.၃.၂၀၂၁ ရက်နေ့မှ ၉.၄.၂၀၂၁ ရက်နေ့အထိ ယာယီကင်းလွတ်ခွင့်ပြုခြင်းကို သတင်းလွှာ ၂/၂၀၂၁ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

၂။ အဆိုပါသတင်းလွှာ ၂/၂၀၂၁ ဖြင့် ဖြေလျှော့ခွင့်ပြုခဲ့သည့် သွင်းကုန် ကုန်စည်(၇၂)လိုင်းအနက် ငါး၊ အသားလွှာ(ဆော်လမွန်၊ တူနာ) HS Code 0302 (၁၀) လိုင်းမှ အပ ကျန်သွင်းကုန် ကုန်စည် (၆၂)လိုင်းနှင့် ပို့ကုန် ကုန်စည်လိုင်း (၃၇)လိုင်းတို့ကို ၂၀၂၁ ခုနှစ်၊ မေလ ၇ ရက်နေ့အထိ ဆက်လက်သက်တမ်းတိုး၍ လိုင်စင်လျှောက်ထားခြင်းမှ ယာယီကင်းလွတ်ခွင့်ပြုကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန